ကလိမဟ်တော် နှစ်ခုသည် နှုတ်လျှာပေါ်တွင် (ရွတ်ဆိုရာ၌) လွယ်ကူ ပေါ့ပါးပြီး (မီဇာန်) ချိန်ခွင်၌ အချိန်စီးသည်။ အနန္တကရုဏာရှင်ထံတော်၌လည်း နှစ်သက်ဖွယ်ရာဖြစ်သည်။

အဗူဟုရိုင်ရဟ် (ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ ကလိမဟ်တော် နှစ်ခုသည် နှုတ်လျှာပေါ်တွင် (ရွတ်ဆိုရာ၌) လွယ်ကူ ပေါ့ပါးပြီး (မီဇာန်) ချိန်ခွင်၌ အချိန်စီးသည်။ အနန္တကရုဏာရှင်ထံတော်၌လည်း နှစ်သက်ဖွယ်ရာဖြစ်သည်။ ၎င်းတို့မှာ (سُبْحَانَ اللَّهِ الْعَظِيمِ ، سُبْحَانَ اللَّهِ وَبِحَمْدِهِ)ဖြစ်သည်။ အဓိပ္ပါယ် - (ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်သည် ချို့တဲ့မှုအပေါင်းမှ သန့်ရှင်းစင်ကြယ်တော်မူ၏။ အလ္လာဟ်အရှင်မြတ်သည် ချို့တဲ့မှုအပေါင်းမှ သန့်ရှင်းစင်ကြယ်တော်မူပြီး ချီးမွမ်းထောမနာခြင်းဟူသမျှသည် အရှင်မြတ်အတွက်သာ ဖြစ်တော်မူ၏။)

[صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် ကလိမဟ်တော်နှစ်ခုကို တင်ပြကာ ယင်းကလိမဟ်တော်နှစ်ခုသည် လူတစ်ဦးအဖို့ မည်သည့်အချိန်တွင်မဆို အခက်အခဲမရှိ လွယ်ကူစွာ ရွတ်ဖတ်နိုင်သလို မီဇာန်ချိန်ခွင်၌ အကျိုးကုသိုလ်ကြီးမားကာ ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အနန္တကရုဏာရှင်လည်း နှစ်သက်တော်မူကြောင်း မိန့်ကြားတော်မူခဲ့သည်။ ၎င်းကလိမဟ်တော်မှာ -(سُـبْحَانَ اللَّـهِ الْعَظِيـمِ ، سُـبْحَانَ اللَّـهِ وَبِحَمْـدِهِ) ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုကလိမဟ်တော်နှစ်ခုတွင် ကြီးကျယ်မြင့်မြတ်ပြီး ပြီးပြည့်စုံသော အရှင်မြတ်၏ ဂုဏ်တော်များကို မြွက်ဆိုခြင်းနှင့် အရှင်မြတ်သည် လျော့နည်းမှု၊ ချို့တဲ့မှုများမှ သန့်ရှင်းစင်ကြယ်တော်မူကြောင်း မြွက်ဆိုခြင်းတို့ ပါဝင်သည့်အတွက်ဖြစ်သည်။

http://www.sunnah.global/hadeeth/my/show/5507